# စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များ

(Version 1.1)

(Updated as of 11.6.2020)

## စားသောက်ဆိုင်များတွင် ပြင်ဆင်ထားရှိရန် အချက်များ

၁။ ဆိုင်သို့ရောက်ရှိလာသည့် စားသုံးသူများအားလုံးကို အဝင်ဝတွင် အပူချိန်တိုင်းရန်နှင့် လက်ဆေးစေရန်။

၂။ စားသုံးသူများ ထိုင်မည့်နေရာသည် လေဝင်၊ လေထွက်ကောင်းသောနေရာ ဖြစ်ရမည်။ လေအေးပေးစက်တပ်ဆင်ထားသော အခန်းဖြစ်ပါက ပြတင်းပေါက်များ ဖွင့်ထားရမည်။

၃။ တစ်ယောက်ချင်းစီ စားနိုင်ပြီး အတူလာရောက်ခြင်းမဟုတ်သူ တစ်ဦးနှင့်တစ်ဦးကြားတွင် ကတ်ထူပြား၊ မှန်ပြား၊ သစ်သားပြားတို့ဖြင့် အကန့် ကန့်ထားပေးပြီး စားသောက်နိုင်ရေး စီစဉ်ပေးရမည်။

၄။ **အတူလာရောက်သည့် ငါးဦးထက် မပိုသော အုပ်စု ဖြစ်ပါက Distancing စားပွဲတွင် အတူ ထိုင်နိုင်အောင် စီစဉ်ပေးရမည်။** (ယခုအချက်ကို လိုက်နာမှုအားနည်းလျက်ရှိကြောင်း သိရှိရပါသဖြင့် တာဝန်ရှိသူများနှင့် ဝန်ထမ်းများအနေဖြင့် အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ပေးပါရန်)

၅။ **ဆိုင်ထိုင်စားသုံးသူများ Social Distancing ဖြစ်စေရေး စားပွဲတစ်ဝိုင်းနှင့် တစ်ဝိုင်းအကြား (၆) ပေ အကွာထားရှိ၍ Partition ကာရံထားပေးရမည်။**

၆။ ကိုယ်တိုင်ယူစနစ်ဖြင့် ရောင်းချသောအစားအစာ (Buffet, Self-service) များ ရောင်းချခြင်းကို ဆိုင်ဝန်ထမ်းကသာ ဝန်ဆောင်မှုပေးရမည်။

၇။ ပန်းကန်၊ ဇွန်းများအား တစ်ခါသုံးပစ္စည်းများ (သို့မဟုတ်) ပိုးသတ်ထားသော ပန်းကန်/ ဇွန်းများသာ အသုံးပြုရမည်။

၈။ အစားအသောက်စာရင်း (Menu) အား ချိတ်ဆွဲထားခြင်း သို့မဟုတ် စားပွဲမှန်အောက်၌ ထား၍ဖြစ်စေ ထည့်သွင်းပေးထားရမည်။

၉။ COVID-19 ရောဂါကာကွယ်ရေးနှင့်ပတ်သက်သော ကျန်းမာရေးအသိပညာပေး ပိုစတာများ၊ ဗီနိုင်းများကို လူအများမြင်သာသည့်နေရာများတွင် ချိတ်ဆွဲထားရှိရမည်။

၁၀။ ငွေရှင်းကောင်တာမှ ငွေလက်ခံသည့် စနစ်ဖြစ်ပါက စားသုံးသူနှင့် တိုက်ရိုက်ထိတွေ့မှု မရှိစေရန် ကောင်တာရှေ့တွင် မှန်ကာထားရမည်။

၁၁။ ဆိုင်အတွင်း အနည်းဆုံး အယ်ကိုဟောလ် (၆၀) % ပါသော လက်သန့်စင်ဆေးရည်များ (Hand gel) အလွယ်တကူ ထားရှိပေးရမည်။ သန့်စင်ခန်းအတွင်း ရေနှင့် ဆပ်ပြာကို အလွယ်တကူ ထားရှိပေးရမည်။

၁၂။ စားသုံးသူများအတွက် ပါးစပ်နှင့်နှာခေါင်းစည်းများ (Mask)၊ မျက်နှာကာများ (Face Shield) ကို ဆိုင်အတွင်းသို့မဝင်မီ တပ်ဆင်နိုင်ရန် မှန်ကန်သောဈေးနှုန်း များဖြင့် ရောင်းချပေးရမည်။



စားသောက်ဆိုင်များတွင် Physical Distancing နမူနာပုံစံများ

## စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့်အချက်များ

၁။ စားသောက်ဆိုင်ရှိ ဝန်ထမ်းအချို့အား ကိုယ်အပူချိန်တိုင်းတာရန်နှင့် သံသယလက္ခဏာများ ရှိ/မရှိ စစ်ဆေးနိုင်ရေးအတွက် ကိုယ်အပူချိန်တိုင်းတာခြင်း လုပ်ငန်းလမ်းညွှန်အတိုင်း စနစ်တကျ လေ့ကျင့်သင်ကြားပေးပြီး ဝန်ထမ်းများနှင့် စားသုံးသူများအား စစ်ဆေးပေးရန် အလှည့်ကျ တာဝန်ချထားရမည်။

၂။ စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအားလုံးအား နေ့စဉ်ကိုယ်အပူချိန်တိုင်းတာရန်နှင့်သံသယလက္ခဏာများ ရှိ/မရှိစစ်ဆေး၍ ကိုယ်အပူချိန်မြင့်တက်ခြင်း (သို့မဟုတ်) သံသယလက္ခဏာများရှိပါက စားသောက်ဆိုင်အတွင်းသို့လုံးဝ ဝင်ခွင့်မပြုရပါ။

၃။ စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအားလုံးသည် ကျန်းမာရေးကောင်းမွန်မှသာ အလုပ်ဆင်းရမည်။ မိမိကိုယ်တိုင်ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်းစသည့်ရောဂါလက္ခဏာ တစ်ခုခုခံစားရပါက အလုပ်နား၍ လိုအပ်သောဆေးကုသမှု ခံယူရမည်။

၄။ စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများသည် စားသုံးသူများနှင့်သော်လည်းကောင်း၊ အချင်းချင်းသော်လည်းကောင်း ရောနှောနေထိုင်ခြင်း မပြုစေဘဲ (၆) ပေ အကွာအဝေးမှ နေထိုင်သွားလာစေရမည်။

၅။ စားသောက်ဆိုင်ဝန်ထမ်းများအတွက် အိပ်ဆောင်များရှိပါက တစ်ယောက်နှင့် တစ်ယောက် အနည်းဆုံး (၆) ပေ အကွာအဝေးတွင် နေရာချထားပေးရမည်။

၆။ စားသုံးသူများအား ငွေရှင်းပြေစာနှင့် ငွေရယူခြင်း၊ ငွေပြန်အမ်းခြင်းလုပ်ငန်းများကို စားပွဲထိုးများနှင့် ဆောင်ရွက်ခြင်းမပြုစေဘဲ သီးခြားဝန်ထမ်းများအား တာဝန်ပေးရမည်။

၇။ **ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Mask)၊ မျက်နှာကာ (Face Shield)၊ ခါးစည်းရှေ့ကာ (Apron)နှင့် လက်အိတ်စသည်တို့ကို ဝတ်ဆင်ရမည်။ ခါးစည်းရှေ့ကာ (Apron) ကို မကြာခဏ လဲလှယ်ရမည်။** (ယခုအချက်ကို လိုက်နာမှုအားနည်းလျက်ရှိကြောင်း သိရှိရပါသဖြင့် တာဝန်ရှိသူများနှင့် ဝန်ထမ်းများအနေဖြင့် အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ပေးပါရန်)

၈။ ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် မကြာခဏ စနစ်တကျ ဆေးကြောရပါမည်။ (သို့မဟုတ်) အယ်ကိုဟောလ် အနည်းဆုံး (၆၀) % ပါသော လက်သန့်စင်ဆေးရည်ဖြင့် ဆေးကြောရပါမည်။

၉။ နှာချေ၊ ချောင်းဆိုးသည့်အခါတိုင်း မိမိတို့၏ ပါးစပ်နှင့် နှာခေါင်းကို တံတောင်ဆစ် အသုံးပြု၍လည်းကောင်း၊ တစ်ရှူးအသုံးပြု၍လည်းကောင်း လုံခြုံစွာဖုံးအုပ်ရန်နှင့် အသုံးပြုပြီးသော တစ်ရှူးကို စနစ်တကျ စွန့်ပစ်ပြီး လက်ကိုဆေးကြောရမည်။

၁၀။ မိမိ၏ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုရမည်။

၁၁။ လုပ်ငန်းဆောင်ရွက်နေစဉ် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ ကိုယ်လက် မအီမသာ ဖြစ်ခြင်းစသည့် သံသယလက္ခဏာတစ်ခုခု ခံစားရပါက အလုပ်မှ ချက်ချင်း အနားပေး၍ နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ပြီး လိုအပ်သောဆေးကုသမှု ခံယူရမည်။

## စားသုံးသူများလိုက်နာဆောင်ရွက်ရမည့်အချက်များ

၁။ စားသုံးသူများသည် မိမိတွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ ကိုယ်လက် မအီမသာဖြစ်ခြင်းစသည့် သံသယလက္ခဏာ တစ်ခုခု ခံစားရပါကစားသောက်ဆိုင်သို့ လုံးဝမသွားသင့်ပါ။

၂။ အသက်အရွယ်ကြီးသူများ၊ ကိုယ်ခံအားနည်းသူများ၊ သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကင်ဆာ ရောဂါ ရှိသူများသည် စားသောက်ဆိုင်သို့ လုံးဝမသွားသင့်ပါ။

၃။ စားသောက်ဆိုင်အတွင်းသို့ ပါးစပ်နှင့်နှာခေါင်းစည်း (Mask)၊ မျက်နှာကာ (Face Shield) ပါမှသာ ဝင်ရောက်ရန်။

၄။ စားသုံးသူများသည် ဆိုင်အတွင်းသို့ မဝင်မီ လက်ဆေးရမည်။

၅။ စားသောက်ဆိုင်တွင် အချိန်ကြာမြင့်စွာ မထိုင်သင့်ပါ။

၆။ စားသုံးသူများသည် စားပွဲမျက်နှာပြင်များ၊ ပရိဘောဂများအား ထိတွေ့မိပါက အနည်းဆုံး အယ်ကိုဟောလ် (၆၀) % ပါသော လက်သန့်စင်ဆေးရည်များ (Hand gel) ဖြင့် လက်သန့်စင်ပြီးမှသာ အစားအစာ စားသုံးရမည်။

၇။ စားသောက်ဆိုင်တွင် သန့်စင်ခန်းအသုံးပြုပါက ရေနှင့်ဆပ်ပြာဖြင့် လက်ကို ဆေးကြော ရမည်။

၈။ စားသောက်ဆိုင်မှ နေအိမ်သို့ ပြန်လည်ရောက်ရှိပါက အဝတ်အစားများအား ချက်ချင်း လဲလှယ်၍ ၎င်းအဝတ်အစားများကို ချက်ချင်းလျှော်ဖွတ်ရန် လိုအပ်ပါသည်။

## အထူးဂရုပြုဆောင်ရွက်ရမည့် သန့်ရှင်းရေးလုပ်ငန်းများ

၁။ စားပွဲမျက်နှာပြင်များ၊ ကုလားထိုင်များ၊ ကောင်တာများ၊ တံခါးလက်ကိုင်များကို (70 %) Alcohol ဖြင့် မကြာခဏ သန့်ရှင်းရေး ပြုလုပ်ရမည်။

၂။ ဆိုင်အတွင်း သန့်ရှင်းရေးတာဝန်များအတွက် သီးခြားဝန်ထမ်းများ တာဝန်ချထား ရမည်။ စားပွဲထိုးများမှ မဆောင်ရွက်ရပါ။

၃။ သန့်စင်ခန်းများ၏ သန့်ရှင်းရေးကို မကြာခဏ ဆောင်ရွက်ရမည်။

၄။ ဆိုင်ဝန်ထမ်းများအားလုံး တကိုယ်ရေသန့်ရှင်းရေး (လက်မကြာခဏဆေးကြောရန်၊ လက်အိတ် တပ်ထားသော်လည်း ဟိုကိုင်ဒီကိုင်မလုပ်ရန်) ပညာပေးရေးနှင့် လိုက်နာ ဆောင်ရွက်မှုရှိစေရန် ကြပ်မတ်ရမည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**၁၁-၆-၂၀၂၀**